## မာတိကာ

၁) NLD ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအား ဝန်းရံသူများ၏ အသုံးစရိတ်ကို ပါတီမှုပါဒအရ မထည့်သွင်းခြင်းက မှန်ကန်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခုံရုံး၏ ဆုံးဖြတ်ချက်သည် နည်းဥပဒေပါ ပြဌာန်းချက်နှင့် ကွဲလွဲနေဟု SNLD ပါတီထောက်ပြ ( ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၂၆ ရက်၊ Daily ELEVEN စာမျက်နှာ ၂)

၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ ( ၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၇ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၄)

၃) ရန်ကုန်စည်ပင်ရွေးကောက်ပွဲအသုံးစရိတ်နှင့် ပတ်သက်၍ လွှတ်တော်တွင် မြို့တော်ဝန်အနေဖြင့် တိတိကျကျမဖြေနိုင် ( ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၂၈ ရက်၊ Daily ELEVEN)

၄) မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရန်အတွက် မဲဆန္ဒပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပေးရန် လိုကြောင်း မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတာဝန်ခံအရာရှိပြောကြား (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၃၀ရက်၊ Daily ELEVEN)

**၁) NLD ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအား ဝန်းရံသူများ၏ အသုံးစရိတ်ကို ပါတီမှုပါဒအရ မထည့်သွင်းခြင်းက မှန်ကန်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခုံရုံး၏ ဆုံးဖြတ်ချက်သည် နည်းဥပဒေပါ ပြဌာန်းချက်နှင့် ကွဲလွဲနေဟု SNLD ပါတီထောက်ပြ ( ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၂၆ ရက်၊ Daily ELEVEN စာမျက်နှာ ၂)**

" လာမယ့် ၂၀၂၀ ကျရင် အဲ့ဒီလိုကြေးဆိုရင် NLD ကလည်း သူ့မူဝါဒနဲ့သူလာမယ်။ ကြံ့ခိုင်ရေး ကလည်း သူ့မူဝါဒနဲ့သူလာမယ်။ ပြည်သူ့ပါတီကလည်းသူ့မူဝါဒနဲ့သူ လာမယ်။ အကုန်လုံးက သူ့မူဝါဒနဲ့သူ လာမယ်ဆိုရင် ရွေးကောက်ပွဲဥပဒေနဲ့မညီတော့ဘူး " ဒေါ်နန်းထွေးမှုံက ပြောကြား သည်။

" ပါတီက သူ့ဟာနဲ့သူ မူဝါဒဆိုတာ ထုတ်လို့ရတယ်။ ရွေးကောက်ပွဲ Campaign ဆိုင်ရာ မဟာဗျူဟာ ဘာညာပေါ့။ ထုတ်ချလိုက်တယ်။ ဒါဆို SNLD လည်းထုတ်မယ်။ အဲ့ဒါဆိုရင် အဲ့ဒီပါတီတစ်ခုရဲ့ ထုတ်ပြန်ချက်က UEC ကို ကျော်လို့ရသလားဆိုတဲ့ မေးခွန်းလည်းရှိတယ်။ အဓိက,က အဲ့ဒါတွေကိုမေးချင်တာ" ဟု SNLD ပါတီတွဲဖက်အတွင်းရေးမှူး (၁)ဦးစိုင်းကျော်ညွန့် က ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ ( ၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၇ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၄)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်စိန်က ၂၀၂၀ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆန္ဒမဲပေး ပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် မှန်ကန်တိကျသော မဲဆန္ဒရှင်စာရင်းများရရှိစေရေး အထူးအလေးထားဆောင်ရွက်နေပါကြောင်း၊ အမျိုးသမီး များ၊ မသန်စွမ်းများ၊ အသက် ၁၈ နှစ်ပြည့်ပြီး ပထမဆုံးအကြိမ် မဲပေးမည့်လူငယ်များ၊ ရွှေ့ပြောင်း လုပ်သားများနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်ရသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး အတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုချိန်ကတည်းကပင် အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ မဲဆန္ဒရှင်စာရင်းကောက်ယူသည့် အဖွဲ့များလာရောက်ချိန်တွင် အချက်အလက်များ မှန်ကန်စေရန် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်ပြည်သူ လူထုသို့ မဲဆန္ဒရှင်အသိပညာပေးခြင်းကို ဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့ပြီး ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးထွန်းအောင်ခိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

မဟာဗျူဟာစီမံကိန်း ၂၀၁၉ - ၂၀၂၂ နှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ အားဆွေးနွေးတင်ပြသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>                    မာတိကာသို့>>>>

**၃) ရန်ကုန်စည်ပင်ရွေးကောက်ပွဲအသုံးစရိတ်နှင့်ပတ်သက်၍ လွှတ်တော်တွင် မြို့တော်ဝန်အနေဖြင့် တိတိကျကျမဖြေနိုင်** ( ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၂၈ ရက်၊ Daily ELEVEN)

" အမှန်တော့ဒီမေးခွန်းကိုမေးပြီးဆိုရင် ဖြေဖို့တိတိကျကျ ယူလာသင့်တာပေ့ါ။ အဲ့ဒီခေါင်းစဉ်နဲ့ လွှတ်တော်ကို တင်တောင်းတာမတွေ့လို့မေးခွန်းမေးရတာ။ ဘတ်ဂျက်မှာတွေ့ရင် မေးခွန်းမှာ မေးစရာတောင်မလိုဘူးလေ" ဟု ဦးကျော်ဇေယျာက မီဒီယာ၏ မေးမြန်းမှုအား ပြန်လည်ဖြေကြားခဲ့သည်။

" မြို့တော်ဝန်ကြီးပြောတဲ့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကော၊ ၂၀၁၈ ခြောက်လ ဘတ်ဂျက်မှာရော အဲ့ဒီထဲမှာ ဘာမှမပါဘူး။ စာရင်းတွေကို အခုပြန်ကြည့်လိုက်တာ စည်ပင်ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဘာမှမပါဘူး" ဟု ဦးကျော်ဇေယျာကပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>                    မာတိကာသို့>>>>

**၄) မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရန်အတွက် မဲဆန္ဒပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပေးရန်လိုကြောင်း မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ခံအရာရှိပြောကြား** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၃၀ရက် Daily ELEVEN)

" မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေဖို့အတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပေးဖို့ လိုအပ်ပါတယ်။ ၁၀၀ ရာခိုင်နှုန်းပူးပေါင်းပါဝင်ပေးရင် မဲဆန္ဒရှင်စာရင်းက ၁၀၀ ရာခိုင်နှုန်း တိကျမှန်ကန်မှာဖြစ်ပါတယ်။ အဲ့ဒီအတွက်လည်း ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေရော၊ CSO တွေ၊ မီဒီယာတွေပါ ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ် " ဟု ဦးဟိဏ်းလင်းထက်က ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>>                    မာတိကာသို့>>>>

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂၈ရက်၊ ဖွန်လ၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

**၁) NLD ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအား ဝန်းရံသူများ၏ အသုံးစရိတ်ကို ပါတီမှုဂါဒအရ မထည့်သွင်းခြင်းက မှန်ကန်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ခုံရုံး၏ ဆုံးဖြတ်ချက်သည် နည်းဥပဒေပါ ပြဌာန်းချက်နှင့် ကွဲလွဲနေဟု SNLD ပါတီထောက်ပြ ( ၂၀၁၉ ခုနှစ်၊ ဖွန်လ၊ ၂၆ ရက်၊ Daily ELEVEN စာမျက်နှာ ၂)**

ပါတီမှုဂါဒအရ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအား ဝန်းရံသူများ၏ အသုံးစရိတ်တင်ပြမှု မရှိခြင်းသည် မှန်ကန်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခုံရုံး၏ အမိန့်ချမှတ်မှုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါ ပြဌာန်းချက်နှင့်ကွဲလွဲ နေသည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ပါတီဥက္ကဌ (၁) ဦးစိုင်းညွှန့်လွင်က ဖွန် ၂၆ ရက်တွင် ပါတီချုပ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းသည် ခုံရုံး၏စီရင်ချက်နှင့် ပတ်သက်ပြီး စွက်ဖက်ခြင်း၊ အပြစ်တင်ခြင်း မဟုတ်ဘဲ ခုံရုံးစီရင်ချက်သည် လာမည့်ရွေးကောက်ပွဲများအပေါ် သက်ရောက်မှု ရှိမည်ကို စိုးရိမ်ပူပန်ခြင်းကြောင့်ဖြစ်သည်ဟု သတင်းစာရှင်းလင်းသည့် SNLD ပါတီခေါင်းဆောင် များကဆိုသည်။

ဝန်ရံသူများ၏ရွေးကောက်ပွဲ အသုံးစရိတ်ထည့်သွင်း မတင်ပြမှု၊ ငွေပြေစာတွင် တံဆိပ်ခေါင်း မကပ်မှုတို့အတွက် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာလူမျိုးမဲဆန္ဒနယ်မှ အနိုင်ရခဲ့သည့် NLD ပါတီမှ ကိုယ်စားလှယ် ဦးစိုင်းပန်ဆိုင်အား ဒုတိယမဲအများဆုံးရသည့် SNLD ပါတီမှ ကိုယ်စားလှယ်လောင်း ဒေါ်နန်းထွေးမှုံက ကန့်ကွက်ခဲ့ပြီး ယင်းကန့်ကွက်မှုအပေါ် ကော်မရှင်အဖွဲ့ဝင် သုံးဦးပါခုံရုံးက ဖွန် ၁၃ ရက်တွင် အပြီးသတ်အမိန့်ချပြီး NLDပါတီ ကိုယ်စားလှယ်အား အနိုင်ပေးနိုင်ခဲ့သည်။

ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း ဝန်ထုတ်ဝန်ပိုးမဖြစ်စေရေးအတွက် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းအား ကိုယ့်စရိတ်နှင့် ကိုယ်ဝန်ရံဆိုသည့်ပါတီမှုဂါဒအရ ၎င်းတို့သုံးစွဲခဲ့ သည့် အသုံးစရိတ်မတင်ပြခဲ့ခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းသည့် SNLD ပါတီမှ ကိုယ်စားလှယ် ဦးစိုင်းပန်ဆိုင်က ထုချေလျှောက်လဲခဲ့ပြီး ယင်းထုချေချက်သည် မှန်ကန်သည်ဟု ကော်မရှင်ခုံရုံးက ယူဆကာ ကန့်ကွက်သူ၏ လျှောက်လဲချက်ကို ပယ်ချခဲ့ကြောင်း SNLD ပါတီမှ ကိုယ်စားလှယ်လောင်း ဒေါ်နန်းထွေးမှုံက ပြောကြားသည်။

" လာမယ့် ၂၀၂၀ ကျရင် အဲ့ဒီလိုကြေးဆိုရင် NLD ကလည်း သူ့မူဂါဒနဲ့သူလာမယ်။ ကြံ့ခိုင်ရေး ကလည်း သူ့မူဂါဒနဲ့သူလာမယ်။ ပြည်သူ့ပါတီကလည်းသူ့မူဂါဒနဲ့သူ လာမယ်။ အကုန်လုံးက သူ့မူဂါဒနဲ့သူ လာမယ်ဆိုရင် ရွေးကောက်ပွဲဥပဒေနဲ့မညီတော့ဘူး " ဒေါ်နန်းထွေးမှုံက ပြောကြား သည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်နည်းဥပဒေ ပုဒ်မ ၇၃ (ခ)တွင် မိမိကိုယ်ပိုင်ငွေ ဖြင့်ဖြစ်စေ၊ ပြည်တွင်းမှနိုင်ငံသားတစ်ဦးဖြစ်စေ၊ ကုမ္ပဏီမှလှူဒါန်းသည့်ငွေဖြစ်စေ၊ ပါတီမှ ထောက်ပံ့သည့်ငွေဖြစ်စေ၊ မှတ်သားထားပြီး ငွေစာရင်းထဲထည့်သွင်းဖော်ပြရမည်ဟု ဖော်ပြပါရှိ သည်။

" ပါတီက သူ့ဟာနဲ့သူ မူဝါဒဆိုတာ ထုတ်လို့ရတယ်။ ရွေးကောက်ပွဲ Campaign ဆိုင်ရာ မဟာဗျူဟာ ဘာညာပေါ့။ ထုတ်ချလိုက်တယ်။ ဒါဆို SNLDလည်းထုတ်မယ်။ အဲ့ဒါဆိုရင် အဲ့ဒီပါတီတစ်ခုရဲ့ ထုတ်ပြန်ချက်က UEC ကို ကျော်လို့ရသလားဆိုတဲ့ မေးခွန်းလည်းရှိတယ်။ အဓိက,က အဲ့ဒါတွေကိုမေးချင်တာ" ဟု SNLD ပါတီတွဲဖက်အတွင်းရေးမှူး (၁)ဦးစိုင်းကျော်ညွန့် က ပြောကြားသည်။

ထို့အပြင် NLDပါတီမှ ကိုယ်စားလှယ် ဦးစိုင်းပန်ဆိုင် တင်ပြသည့် ငွေရပြေစာ ၂၁၇ တွင် တံဆိပ်ခေါင်းမကပ်ထားသည့် ပြေစာပေါင်း ၁၂၇ စောင်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၅၈ ဒသမ ၅ ရာခိုင်နှုန်းရှိကာ ငွေကြေးအားဖြင့် ၃၇ သိန်းကျော်ရှိကြောင်း SNLD ပါတီမှ သိရသည်။

ထိုကဲ့သို့ တံဆိပ်ခေါင်းမကပ်ခြင်းသည် တရားမဲ့ပြုကျင့်ခြင်းမဟုတ်ဟု သတ်မှတ်မည်ဆိုပါက ၂၀၂၀ ရွေးကောက်ပွဲတွင်လည်း တံဆိပ်ခေါင်းမကပ်သည့် ကုန်ကျစရိတ်ပြေစာများကို အလိုအလျောက်လက်ခံတော့မည့်အခြေအနေအတွက် စိတ်ပူကြောင်း SNLD ပါတီက ဆိုသည်။

ပါတီအနေဖြင့် ယခင်က ရွေးကောက်ပွဲကန့်ကွက်မှု ရှုံးနိမ့်ခြင်းအပေါ် အယူခံတင်သွင်းရန် အစီအစဉ်မရှိသော်လည်း ကော်မရှင်၏ စီရင်ချက်များသည် ဒေါ်နန်းထွေးမွှံတစ်ဦးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ လာမည့်ရွေးကောက်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည့်သူအားလုံးနှင့် သက်ဆိုင်သည်ကို သတိပြုမိ၍ အယူခံထပ်မံတင်သွင်းမည်ဖြစ်သည်ဟု SNLD ပါတီ ဒုဥက္ကဋ္ဌ(၁) ဦးစိုင်းညွန့်လွင်က ပြောကြားသည်။

အယူခံကို ဇွန် ၂၆ ရက်တွင် တင်သွင်းမည်ဟု သိရသည်။

မာတိကာသို့>>>>

**၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ** ( ၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၇ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၄)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီ တွင် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပ သည်။

သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂၈ရက်၊ ဇွန်လ၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ကချင်ပြည်နယ်တာဝန်ခံ ဦးညွှန့်စိန်၊ ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ခေတ္တဥက္ကဋ္ဌ ဦးမလန်ကန်ဖန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိများ၊ ပါတီရုံးဖွင့်လှစ်ထားရှိသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက် ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွှန့်စိန်က ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် မှန်ကန်တိကျသော မဲဆန္ဒရှင်စာရင်းများရရှိစေရေး အထူးအလေးထားဆောင်ရွက်နေပါကြောင်း၊ အမျိုးသမီးများ၊ မသန်စွမ်းများ၊ အသက် ၁၈ နှစ်ပြည့်ပြီး ပထမဆုံးအကြိမ် မဲပေးမည့်လူငယ်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်ရသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုချိန် ကတည်းကပင် အလေးထားဆောင်ရွက်လျှက်ရှိပါကြောင်း၊ မဲဆန္ဒရှင်စာရင်းကောက်ယူသည့် အဖွဲ့များလာရောက်ချိန်တွင် အချက်အလက်များ မှန်ကန်စေရန် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်ပြည်သူလူထုသို့ မဲဆန္ဒရှင်အသိပညာပေးခြင်းကို ဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့ပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးထွန်းအောင်ခိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ နှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအားဆွေးနွေးတင်ပြသည်။

အခမ်းအနားတွင် တက်ရောက်လာသော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏အကြံပြုဆွေးနွေးချက်များနှင့် သိရှိလိုသည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွှန့်စိန်က ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။

မာတိကာသို့>>>>

**၃) ရန်ကုန်စည်ပင်ရွေးကောက်ပွဲအသုံးစရိတ်နှင့်ပတ်သက်၍ လွှတ်တော်တွင် မြို့တော်ဝန် အနေဖြင့် တိတိကျကျမဖြေနိုင်** ( ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၂၈ ရက်၊ Daily ELEVEN)

ရန်ကုန်စည်ပင်ရွေးကောက်ပွဲအသုံးစရိတ်နှင့် ပတ်သက်၍ လွှတ်တော်တွင်မြို့တော်ဝန် အနေဖြင့် တိတိကျကျမဖြေနိုင်ကြောင်း သိရသည်။

ဇွန် ၂၇ ရက်တွင်ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမ ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့တွင် ဒဂုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျာက ၂၀၁၉ခုနှစ် မတ်လ ၃၁ ရက်က ကျင်းပခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲကုန်ကျငွေ အသုံးစရိတ်အား မည်သည့်ဘဏ္ဍာငွေမှထုတ်နှုတ်သုံးစွဲခဲ့ကြောင်းနှင့် ငွေစုစုပေါင်းမည်မျှကုန်ကျ သုံးစွဲခဲ့သည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲကုန်ကျစရိတ်အား ရန်ကုန်တိုင်းဒေသကြီး ဘတ်ဂျက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၁၀၀၀ လျာထားတာပြီးတော့ ၂၀၁၈ ခြောက်လကာလ အတွင်းမှာ ကျပ်သန်း ၁၀၀၀ လျာထားကာ စုစုပေါင်း ကျပ်သန်း ၂၀၀၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီး သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်။

" ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲကျင်းပနိုင်ဖို့အတွက် အဖွဲ့ဝင် ၁၅ဦးပါဝင်တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၉ မတ် ၃၁ ရက်မှာ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်" ဟုမြို့တော်ဝန် ဦးမောင်မောင်စိုးက ဆိုသည်။

ရွေးကောက်ပွဲကုန်ကျစရိတ်အနေဖြင့် လူဦးရေစာရင်းကောက်ယူခြင်း၊ မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်းတို့အတွက် ကျပ် ၁၇၅၆ ဒသမ ၇၀၂ သန်းသုံးစွဲခဲ့ကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးကပြောကြားသည်။

" ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်နဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ဟာ တကယ်တမ်းဟန်ချက်ညီညီလုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အစိုးရဌာနများ လိုအပ်ချက်အကုန်လုံး လွှတ်တော်ကိုယ်စားလှယ်များ သိခွင့်ရှိပါတယ်။ ပရိုတိုကောအရတော့ သိခွင့်တွေကို အဆင့်ဆင့်ဆောင်ရွက်ရပါတယ်။ လက်ရှိလည်း ဒီတိုင်းဆောင်ရွက်နေတယ်ဆိုတာကို ပြန်လည်ဖြေကြားအပ်ပါတယ်လို့" ဟုမြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်။

ထို့နောက် ဦးကျော်ဇေယျာက ထပ်ဆင့်မေးခွန်းမေးမြန်းရာတွင် မြို့တော်ဝန်က စည်ပင်ရွေးကောက်ပွဲအား ရန်ကုန်တိုင်းအစိုးရဘတ်ဂျက်ဖြင့် လုပ်ဆောင်သည်ဟု ပြောကြားကြောင်း၊ သို့သော် ဘတ်ဂျက်တွင် အဆိုပါ ခေါင်းစဉ်အားမတွေ့ရှိကြောင်း၊ မည်သည့်ခေါင်းစဉ်ဖြင့် လွှတ်တော်သို့ တင်ပြခဲ့သည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

အဆိုပါ ထပ်ဆင့်မေးခွန်းနှင့် ပတ်သက်ပြီး မြို့တော်ဝန်ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားရာတွင် " ကျေးဇူးတင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကနေတဆင့် တင်ပြပေးပါမယ်" ဟုသာ ပြောကြားခဲ့သည်။

" အမှန်တော့ဒီမေးခွန်းကိုမေးပြီဆိုရင် ဖြေဖို့တိတိကျကျ ယူလာသင့်တာပေ့ါ။ အဲ့ဒီခေါင်းစဉ်နဲ့ လွှတ်တော်ကို တင်တောင်းတာမတွေ့လို့မေးခွန်းမေးရတာ။ ဘတ်ဂျက်မှာတွေ့ရင် မေးခွန်းမှာ

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၂၈ရက်၊ ဖွန်လ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

မေးစရာတောင်မလိုဘူးလေ” ဟု ဦးကျော်ဇေယျက မီဒီယာ၏ မေးမြန်းမှုအားပြန်လည် ဖြေကြားခဲ့သည်။

“ မြို့တော်ဝန်ကြီးပြောတဲ့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကော၊ ၂၀၁၈ ခြောက်လ ဘတ်ဂျက်မှာရော အဲ့ဒီထဲမှာ ဘာမှမပါဘူး။ စာရင်းတွေကို အခုပြန်ကြည့်လိုက်တာ စည်ပင်ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဘာမှမပါဘူး” ဟု ဦးကျော်ဇေယျကပြောကြားသည်။

မာတိကာသို့>>>>

**၄) မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရန်အတွက် မဲဆန္ဒပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပေးရန်လိုကြောင်း မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ခံ အရာရှိပြောကြား (၂၀၁၉ခုနှစ်၊ ဖွန်လ၊ ၃၀ရက် Daily ELEVEN)**

မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရန်အတွက် မဲဆန္ဒရှင်ပြည်သူလူများ ကိုယ်တိုင်ပူးပေါင်းပါဝင်ပေးရန် လိုအပ်ကြောင်း မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ခံအရာရှိ ဦးဟိဏ်းလင်းထက်က ပြောကြားသည်။

မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲစာရင်းပြုစုရန်အတွက် လူဦးရေစာရင်း စတင်ကောက်ယူနေသည့်အစီအစဉ်ဆောင်ရွက်မှုအပေါ် ဖွန် ၂၈ ရက်က ဒေသခံမီဒီယာများအား တွေ့ဆုံရှင်းလင်းပြောကြားမှုတွင် ထိုသို့ ၎င်းက ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

“ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေဖို့အတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပေးဖို့ လိုအပ်ပါတယ်။ ၁၀၀ ရာခိုင်နှုန်းပူးပေါင်းပါဝင်ပေးရင် မဲဆန္ဒရှင်စာရင်းက ၁၀၀ ရာခိုင်နှုန်း တိကျမှန်ကန်မှာဖြစ်ပါတယ်။ အဲ့ဒီအတွက်လည်း ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေရော၊ CSO တွေ၊ မီဒီယာတွေပါ ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ် ” ဟု ဦးဟိဏ်းလင်းထက်က ပြောကြားသည်။

၎င်းကဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် (၂၀၁၉-၂၀၂၂) စီမံချက် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်နေကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌လည်း ၂၀၁၉ခုနှစ်သည် မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်ဖြစ်သည့်အတွက် ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းများအနေဖြင့် မဲစာရင်းပြုစုရမည့် လုပ်ငန်းစဉ်များ၊ ၂၀၁၅ ခုနှစ်အထွေထွေ ရွေးကောက်ပွဲတွင် ပြုစုသည့်မဲဆန္ဒရှင်စာရင်းအား ပြန်လည်သန့်စင်ခြင်း၊ သင်တန်းများပေးခြင်း အား မတ်လကတည်းက ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မဲဆန္ဒရှင်စာရင်း ပြုစုနိုင်ရန် လူဦးရေစာရင်းကောက်ယူခြင်းများ ဆောင်ရွက်နေကြောင်း ပြောကြား သည်။

“ မြန်မာနိုင်ငံရွေးကောက်ပွဲတွေမှာ မဲဆန္ဒရှင်စာရင်းပြုစုပြီးသွားရင်တော့ ကျွန်တော့်အမြင်က ရွေးကောက်ပွဲလုပ်ငန်းစဉ်ရဲ့ ၈၅ ရာခိုင်နှုန်းလောက် ပြီးသွားပြီလို့ ပြောလို့ရပါတယ်။ မဲဆန္ဒရှင်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

စာရင်းပြုစုပြီးရင် မဲရုံသတ်မှတ်တာ၊ မဲရုံသုံးပစ္စည်းတွေ စုဆောင်းတာ၊ မဲလက်မှတ်တွေ ပြုလုပ်တာစသည်ဖြင့် ဆက်တိုက်သွားရတာပါ ” ဟု ဦးဟိဏ်းလင်းထက်က ပြောကြားသည်။

လူဦးရေစာရင်းကောက်ယူရာ၌ အခြေခံရသည့် အိမ်ထောင်စုစာရင်း (၆၆/၆) နှင့် ထွေ/အုပ် ဦးစီးဌာနမှ စာရင်းတချို့မှာ Update မဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အကြိုကာလမဲစာရင်းပြုစုရာ၌ လိုအပ်ချက်များရှိခဲ့သော်လည်း ရွေးကောက်ပွဲနည်းဥပဒေအရ မဲဆန္ဒရှင်စာရင်းကို ကပ်ထားကြေညာပေးထားကြောင်း၊ လာမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲအတွက်လည်း မဲဆန္ဒရှင်စာရင်းကို တစ်လကြိုတင်ကပ်ထားပေးမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှု စစ်ဆေးစေချင်ကြောင်းနှင့် မဲစာရင်းလာကြည့်သူများလေ၊ မဲစာရင်းမှန်ကန်မှုများလေဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

" နိုင်ငံခြားကို တရားဝင်သွားနေကြတဲ့ သူတွေအတွက်ဆိုရင်လည်း မဲလာထည့်မယ်၊ မထည့်ဘူး က သူ့ရဲ့ကဏ္ဍပါ။ မဲဆန္ဒရှင်စာရင်းထဲမှာ ပါဝင်နိုင်အောင်ထည့်ပေးထားပါတယ်။ ဥပမာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတုန်းကလည်း မဲပေးပိုင်ခွင့် မဲပေးပိုင်ခွင့်ရှိသူစာရင်းထဲမှာ ထည့်ပေး ထားပါတယ်။ မဲဆန္ဒရှင်စာရင်းပြုစုတဲ့အခါမှာလည်း ဒါလေးတွေ မကျန်ရလေအောင် High Light လုပ်ထားပါတယ် ”ဟု ဦးဟိဏ်းလင်းထက်က ပြောကြားသည်။

၂၀၁၀ အထွေထွေရွေးကောက်ပွဲ၌ မွန်ပြည်နယ်အတွင်း မဲပေးခွင့်ရှိသူဦးရေမှာ ၁၀၁၆၀၀၀ ရှိခဲ့ပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၅၃၄၄၈၆ ဦး ရှိကြောင်း မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ထံမှသိရသည်။

မာတိကာသို့>>>>